
**ကျေးဇူးပြု၍သင်၏အိမ်နှင့်ကျေးရွာကိုသန့်**

**ရှင်းစေရန်နှင့်သပ်ရပ်မှုရှိစေရန်ထိန်းသိမ်းပါ။**

**ဘုရားသခင်၏ဖန်ဆင်းခြင်းကိုဂရုစိုက်ပါ။**

# သန့်ရှင်းစင်ကြယ်သောပတ်ဝန်းကျင် (A Clean Environment)



Created by Life Wind International

## မည်သည့်အရာကိုအမှိုက်များနှင့်အတူမပြုလုပ်ရမည်နည်း။


မြစ်ထဲသို့မစွန့်ပစ်ရပါ



ပင်လယ်ထဲသို့မစွန့်ပစ်ရ။

မြစ်များ(သို့)ပင်လယ်ထဲသို့ ∀ါတ်ခဲအဟောင်း

များမစွန့်ပစ်ရပါ။



အပြင်ဘက်ရှိမြေပြင်ပေါ်သို့အမှိုက်ကိုမစွန့်ပစ် ရပါ။



## ဘုရားသခင်သည်ကမ္ဘာမြေကြီးကိုဘယ်လိုဖန်ဆင်းခဲ့သနည်း။

ကမ္ဘာဦးကျမ်း၁း၁၂၇ကပြောသည်မှာဘုရားသခင်သည်ဘာမှမရှိသောစကြာဝဠာကြီးကိုခြောက်ရက်အတွင်းဖန်ဆင်းခဲ့ပြီးအရာရာသည်ကောင်းမွန်ခဲ့သည်။



- ဘုရားသခင်သည်ပထမဦးဆုံးလူသားကိုသူ၏ပုံဏ္ဍာန်နှင့်ဖန်ဆင်းခဲ့သည်။ဘုရားသခင်သည်ပြီးပြည့်စုံသည်။
- ထိုကြောင့်ငှင်းလူသားသည်လည်းသူ၏ဖန်ဆင်းခြင်းထဲ၌ပြီးပြည့်စုံမှုရှိခဲ့သည်။
- အစဦး၌လူသားသည်ဘုရားသခင်နှင့်အတူသဟဇတဖြစ်ခဲ့သည်။.
- လူသားသည်လည်းအခြားနှင့်သော်၄င်း၊ အချင်းချင်းသော်၄င်း၊သဘာဝပတ်ဝန်းကျင်နှင့်သော်၄င်းသဟဇတဖြစ်ခဲ့သည်။
- ပတ်ဝန်းကျင်အားလုံးသည်အမှိုက်ကင်းစင်မှုရှိခဲ့သည်။

**အမှိုက်ဆိုသည်မှာအဘယ်နည်း?**

အမှိုက်ဆိုသည်မှာ–စားကြွင်းစားကျန်၊ပလတ်စတစ်၊သံဗူးများ၊ပုလင်းများနှင့်အခြားသောအရာများပါဝင်သည်။

**အမှိုက်သည်မည်သည့်အရာကိုဖြစ်စေသနည်း?**



ပတ်ဝန်းကျင်လေထု၊မြေထုနှင့်ရေထုကိုညစ်ညမ်းစေသည်။ဤရောဂါများ၏အရင်းအမြစ်ကြောင့်



- ♦ ဝမ်းကိုက်ရောဂါ
- ♦ အစာအဆိပ်သင့်ရောဂါ
- ♦ အသည်းရောင်ရောဂါ
- ♦ သန်ကောင်
- ♦ ကာလဝမ်းရောဂါ
- ♦ ဝဲရောဂါ
- ♦ အရေပြားရောဂါများ

စသည်တို့သည်ယင်များနှင့်ကြွက်များမှတဆင့်ပြန့်ပွါးသည်။ ၎င်းသည်ဆိုးသောဝိညာဉ်ရေးရာအခြေအနေနှင့်အနုတ် လက္ခဏာရှိသောစိတ်နေသဘောထားဆီသို့ဦးတည်နေသည်။





**ဘာကြောင့်လူသည်မိမိပတ်ဝန်းကျင်ကိုညစ်ညမ်းစေသနည်း။**




အမှိုက်ကိုကောက်သိမ်းရန်နှင့်သင့်လျော်သောနေရာမှာထားရန်ပျင်းရိခြင်း။

ကလေးဘဝ၌ပညာရေးနည်းပါးခြင်း။



အမှိုက်ကတဆင့်မည်သည့်အကျိုးများကိုဖြစ်ပွါးစေနိုင်မည်ကိုမသိရှိခြင်း။

ဘုရားသခင်၏ဥပဒေများကိုမသိခြင်း၊(သို့)မလိုက်နာခြင်း။





♦ အာ϶Hဧဝတို့၏နာခံမှုမရှိခြင်းတည်ဟူသောအပြစ်တရားအားဖြင့်သဟဇတဖြစ်မှုသည်ပြိုကွဲသွားခဲ့သည်။အပြစ်တရားဝင်ရောက်လာခြင်းကြောင့်ကမ္ဘာကြီး၏ပတ်ဝန်းကျင်ညစ်ညမ်းမှုဝင်ရောက်လာသည်။

**သန့်ရှင်းသောပတ်ဝန်းကျင်တစ်ခုပြုလုပ်ရန်ကျွန်ုပ်တို့အတူတကွဘာလုပ်ဆောင်နိုင်သနည်း?**

သင်၏အမှိုက်ကိုအမျိုးအစားခွဲထားပါ။စားကြွင်းစားကျန်များကိုသဘာဝမြေဩဇာအတွက်အသုံးပြုပါ။ စာရွက်များ၊ ကတ်ထူစက္ကူနှင့်သစ်သားများကိုမီးရှို့ပစ်ပါ။



သံဗူးများ၊ပလတ်စတစ်စသည့်တို့ကိုအမှိုက်တွင်းထဲ၌ပစ်၍ မြေမြှုပ်ပစ်ပါ။ ကျွန်ုပ်တို့၏ကလေးများအားအမှိုက်ကိုအဝေးသို့မလွှင့်ပစ်ရန်နှင့်၎င်းတို့ကိုမှန်ကန်သောနေရာ၌စွန့်ပစ်တက်ရန်သင် ကြားပေးပါ။



သုံးမရသောအခြားအရာများကိုလမ်းထဲ၌(သို့)မြေပေါ်မှာမလွှင့်ပစ်စေရန်သတိပေးပါ။

ဘုရားသခင်သည်ကျွန်ုပ်တို့ကိုဖန်ဆင်းထားသောကြောင့်သန့်ရှင်း သောဆက်သွယ်မှုထဲရှိဘုရားသခင်၏နှုတ်ကပတ်တော်ကိုလက်တွေ့ကျင့်သုံးထားခြင်းနှင့်လေ့လာသင်ယူပါ။

**အမှိုက်တွင်းကိုမည်သည့်နေရာတွင်ထားရှိမည်နည်း။**

အိမ်မှအနီးဆုံးမီတာ(၂၀)ရှိသောတွင်းထဲသို့ပစ်ရမည်။

တောင်းကုန်းတစ်ခု၏ထိပ်ပေါ်မှမပစ်ရ။

မြစ်၊ရေတွင်း(သို့)စမ်းချောင်းမှအနည်းဆုံးမီတာ(၁၀၀)အကွာတွင်ထားရမည်။အမြဲတမ်းရက်အနည်းငယ်ကြာလာပါကအမှိုက်များကိုမြေနှင့်ဖုံးအုပ်ရမည်။ယင်မှားနှင့်ကြွက်များမရှိစေရန်ဖြစ်သည်။